**ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း**

**အတွဲ(၂)၊ အမှတ်(၆)၊ မတ် ၂၀၁၈**

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေးလေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှ မတ်လ ၂၈ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်းများအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင် နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေးရက်စွဲစဉ်မှတ်တမ်းများနှင့် လအလိုက်သုံးသပ်ချက် အနှစ်ချုပ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန်နှင့် အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## လက်နက်ကိုင်ပဋိပက္ခ

မတ်လ ၁၃ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် တော့ဖယ်ကျေးရွာ၌ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) နှင့် တအာန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တို့ တိုက်ပွဲ ၃ကြိမ်ဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် လူနေအိမ် ၆လုံး ထိမှန်၍ မီးလောင်ခဲ့ပြီး ဒေသခံ ၂ ဦး သေဆုံးကာ ၃ ဦး ဒဏ်ရာ ရရှိခဲ့သည်ဟု TNLA သတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ တော့ဖယ်ကျေးရွာနှင့် ကွန်ကော်ကျေးရွာကြား၌ TNLA နှင့် RCSS တို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများသည် မတ်လ ၁၀ရက်နေ့မှ စတင်၍ လေးရက်ဆက်တိုက် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။(7Day) (Irrawaddy) (MarnagarNew) (TNLA) ( Tai Freedom )

မတ်လ ၁၄ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် အုံအွီးရွာနှင့် တော့ဖေရွာကြား ၊ တော့ဖေရွာအနောက်ဘက်နှင့် လွယ်ဖန်းဖိတ်တောင်တို့၌ နံနက် ၅:၃၀ အချိန်မှစ၍ ည ၆:၃၀ အချိန်ထိ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) နှင့် တအန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တို့ တိုက်ပွဲ ၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ( Tai Freedom )

မတ်လ ၁၅ ရက်နေ့ နေ့လည် ၁၂နာရီခွဲခန့်တွင် KNU-ကရင်အမျိုးသားအစည်းအရုံး၊ တပ်မဟာ (၅)နယ်မြေ၊ မူတရော်(ဖာပွန်)ခရိုင်၊ ဒွဲလိုးမြို့နယ်၊ (ကမမောင်းမြို့နယ်)၊ လေးဖိုးထကျေးရွာအုပ်စု၌ မြန်မာ့တပ်မတော်တပ်မ(၂၂)လက်အောက်ခံ၊ ခြေမြန်တပ်ရင်း(ခမရ-၂၀၃)နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA တပ်မဟာ(၅)၊ (၁၀၂) တပ်ရင်းတို့အကြား (၁၅)မိနစ်ခန့်တိုက်ပွဲဖြစ်ပွားခဲ့သည်။ အစိုးရတပ်မတော်တပ်ရင်း(ခမရ-၂၀၃)ဘက်မှ အထက်အမိန့်အရ ဒေသခံရွာသားများကို သွားရောက်ကူညီရ မည်ဟူသော အကြောင်းပြ

ချက်ဖြင့် KNLA တပ်ခွဲတာဝန်ရှိသူများကို ဆက်သွယ်အကြောင်းကြားခွင့်တောင်းခဲ့ရာတွင် KNLAဘက်မှ သတ်မှတ်နယ်မြေဖြစ်သောကြောင့် ခွင့်ပြုချက်မပေးနိုင်ရာမှ လေးဖိုးထကျေးရွာ အုပ်စုရှိ KNLA စစ်ဆေး ရေးဂိတ် လုံခြုံရေးစောင့်တပ်နှင့် ၎င်းအစိုးရတပ်မတော်အဖွဲ့တို့အကြားပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကေအဲန်ယူ တပ်မဟာ (၅) ရုံးထိုင်မှူး ဗိုလ်မှူး စောကလယ်ဒို က အတည်ပြုပြောဆိုခဲ့သည်။ (KIC) (DVB) (VOA) (VOA)

မတ်လ ၁၅ ရက်နေ့ နံနက် ၅နာရီ ၃၀ မိနစ် အချိန်မှစ၍ ည ၆ နာရီ ၃၀ မိနစ် အချိန်ထိ ရှမ်းပြည်နယ်မြောက်ပိုင်း လွယ်ဖန်းဖိတ်၊ တော့ဖေရွာအနောက်ဘက်၌ သျှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့နှင့် တအာန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တို့ တိုက်ပွဲ ၄ ကြိမ်ဖြစ်ပွားခဲ့ပြီး၊ မတ်လ ၁၆ ရက်နေ့တွင်လည်း တိုက်ပွဲ ဆက်လက်ဖြစ်ပွားခဲ့သည်။ မတ်လ ဆယ်ရက်နေ့မှ ဆယ့်ငါးရက်နေ့အတွင်း TNLA နှင့် RCSS တို့အကြား တိုက်ပွဲ ၄၀ကျော် ဖြစ်ပွားခဲ့သည်။ (TaiFreedom) (Mizzima)

မတ်လ ၁၇ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာအတွင်း၌ နံနက်ပိုင်း ၁၀ နာရီမှ ၁၀ နာရီ ၁၀ မိနစ်အထိ တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင်း (၅၆၈)နှင့် မြန်မာ့တပ်မတော် ခမရ (၃၂၄) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ကျေးရွာဒေသခံ တဦး ဒဏ်ရာ ရရှိခဲ့သည်။ (TNLA) (Popular)

မတ်လ ၂၀ ရက်နေ့ နမ္မတူမြို့နယ် ပန်ကွတ်ရွာ အနောက်တောင်ဖက်၌ တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်ရင်း ၉၁၉ နှင့် သျှမ်းပြည်တပ်မတော် (RCSS/SSA) တို့ နံနက် ၇ နာရီမှ ၁၀နာရီ ၃၀ မိနစ် အချိန်ထိ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ထိုသို့ တိုက်ပွဲ ဖြစ်ပွားနေစဉ် မြန်မာ့တပ်မတော် နမ္မတူ ခမရ ၃၂၄ တပ်စခန်းမှ နေ၍ TNLA ရှိရာ ပန်ကွတ်ရွာ၊ ပန်သပြေရွာ၊ နမ့်တောင်ကုန်းရွာဖက်သို့ နံနက် ၈ နာရီမှ ၁၀နာရီ ၃၀ မိနစ် အချိန်ထိ ၁၂၀ မမ လက်နက်ကြီးဖြင့် ၁၀ ကြိမ်ကျော်ပစ်ခတ်ပြီး RCSS တပ်ဖွဲ့ဖက်မှ ကူညီပစ်ခတ်ခဲ့သည်ဟု TNLA မှ သတင်းထုတ်ပြန်ခဲ့သည်။ (Marganar) (TNLA)

မတ်လ ၂၁ ရက်နေ့ နံနက်ပိုင်း ၅နာရီမှ ၁၁ နာရီထိတိုင် နမ္မတူမြို့နယ်မန်စံ၊ ပန်လုံကျေးရွာနှင့်ပန်ကွတ်၊ မန့်ငိုင်၊ ဆန်ဆေ ကျေးရွာများအတွင်းသို့ မြန်မာ့တပ်မတော်မှ လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သည်ဟု တအာန်းလွတ်မြောက်ရေးတပ်မတော် (TNLA) သတင်းနှင့်ပြန်ကြားရေးဌာနတွင် ဖော်ပြခဲ့သည်။ (TNLA)

မတ်လ ၂၃ ရက်နေ့ နေ့လည် ၁၂ နာရီမှ ၁၂နာရီ ၁၅ မိနစ်ထိ ရှမ်းပြည်နယ် လားရှိုးမြို့နယ်၊ ထန်းခေါင်(ထာန်ခေါဝ်)ကျေးရွာ ဂိတ်အနီးတွင် တအာန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် TNLA တပ်ရင်း (၈၈၅)နှင့် မြန်မာ့တပ်မတော် ခမရ (၃၆၄) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင်နမ့်ခမ်းမြို့နယ် ဝါယော့ကျေးရွာအနီးတွင်လည်း ညနေ(၅) နာရီ(၄၀) မိနစ်မှ (၆)နာရီခန့်အထိတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA) (NAB)

မတ်လ ၂၃ ရက်နေ့တွင် ညနေ ၅ နာရီခွဲ အချိန်ခန့်တွင် ရှမ်းပြည်မြောက်ပိုင်း မုန်ဘော်၊ Lasham ကျေးရွာ အနီး၌ မြန်မာ့တပ်မတော်၏ ခမရ (၂၁၉) စစ်ကြောင်းနှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ၏ တပ်မဟာ (၆) လက်အောက် တပ်ရင်း (၃၆) တို့ ၄၅ မိနစ်ကြာတိုက်ပွဲ ဖြစ်ပွားခဲ့ပြီး တိုက်ပွဲဖြစ်ပွားရာ နေရာသို့ Mungbaw၊ Mai Hpang ဘက်ကနေ အစိုးရတပ် စစ်ကူများ တက်လာပြီး တချိန်ထဲမှာ Mai Hpang ပြည်သူ့စစ်စခန်းမှလည်း လက်နက်ကြီးများဖြင့် ကူပစ်ပေးခဲ့ကြောင်း KachinNews မှ သတင်းဖော်ပြခဲ့သည်။ (KachinNews) (KachinNews)

မတ်လ၂၄ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်းMungbaw (မုန်ဘော်)၊ Lasham ကျေးရွာအနီးတွင် နံနက်ပိုင်း ၆နာရီမှစ၍ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့ပြင် ၁၀၅ မိုင် ကုန်သွယ်ရေးဇုံ အရှေ့မြောက်ဘက် Namtau ကျေးရွာ ဘုန်းကြီးကျောင်း အလွန် တောင်ကုန်းမှာ ရှိသည့် မြန်မာစစ်တပ် နှင့် KIA တပ်ရင်း တို့

မွန်းလွဲ ၂ နာရီခန့်မှစ တင်ပြီးတိုက်ပွဲများဖြစ်ပွားခဲ့သလို၊ တာမိုးညဲမြို့ အရှေ့ဘက်Hpagum ကျေးရွာ အနီးတွင် နေ့လည် ၁၂ နာရီ ခွဲ မှ မိနစ် ၃၀ ခန့်ကြာ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ (KachinNew)

မတ်လ၂၇ ရက်နေ့ နံနက် ၇ နာရီတွင် ရှမ်းပြည်မြောက်ပိုင်း မူဆယ်-မုံးကို လမ်းမပေါ်ရှိ Hkalum ကျေးရွာ အနီးမှ ကောင်းဝွေဘက်သို့ ကြံတင်ထားသော တုန်ဖုန်း ကား ၂ စီးအနက် မြန်မာစစ်သားများ လိုက်ပါလာသည့် ကားတစ်စီး ကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA မှ မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်ဟု KachinNewသတင်းဌာနတွင်ဖော်ပြခဲ့သည်။ (KachinNew)

## လူ့အခွင့်အရေးချိုးဖောက်မှု

မတ်လ ၁၃ရက်နေ့တွင် ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ် လွယ်ပေးကျေးရွာအတွင်း မြန်မာ့တပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ဒေသခံရွာသား ၅ ဦးနှင့် ရွာသူကြီး ဦးလှတောင်တို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်နှင့် ဆိုလာပြားများပျက်စီးခဲ့သည်ဟု Marnagar သတင်းဌာနမှ ဖော်ပြခဲ့သည်။ (MarnagarNwe)

မတ်လ ၁၃ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ် မိုင်းကျက်အုပ်စု၌ ဒေသတွင်းအုပ်ချုပ်ရေးမှူးအဆင့်ရှိ ဒေသဌာနေပြည်သူ့စစ်အဖွဲ့မှ ကျေးရွာတွင်း နေထိုင်သူများအပေါ် အတင်းအဓမ္မ အခွန်ကောက်ခံခဲ့ပြီး၊ ဆီရောင်းသူတစ်ဦးထံမှ ပိုက်ဆံဆယ်သိန်း တောင်းယူသွားကြောင်း မိုင်းကျက်ရွာသူ တဦးမှပြောခဲ့သည်။ (ShanNew)

မတ်လ ၁၄ ရက်နေ့၌ ရှမ်းပြည်မြောက်ပိုင်း သိန္နီမြို့နယ် နမ့်စလပ်အုပ်စု ကောင်းဝိန်းရွာ နှင့် ဟိုမွန်းရွာတွင် နေထိုင်သည့်ပြည်သူ ၁၈ ဦးအား မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) ကိုးကန့်အဖွဲ့မှ အဓမ္မဖမ်းဆီးခဲ့သည်ဟု TaiFreedom သတင်းဌာနမှ ဖော်ပြခဲ့သည်။ ဖမ်းဆီးခံရသူအများစုမှာ ကိုးကန့်တိုင်းရင်းသားများဖြစ်ပြီး ကျန် ၂ ဦးမှာ ရှမ်းတိုင်းရင်းသားဖြစ်ပြီး ကောင်းဝိန်းရွာ ဥက္ကဌ လုံးဆံယို့ နှင့် ကောင်းဝိန်းရွာသား လုံးစံညွှန့်တို့ဖြစ်ခဲ့သည်။ (TaiFreedom)

မတ်လ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ သိန္နီမြို့နယ် ဟိုမွန်းကျေးရွာ၌ အသက်၁၈နှစ်မှ အသက် ၄၀ ကြားရှိသော မြောင်ဇီးလူမျိုး ၁၅ ဦး နှင့် ရှမ်းလူမျိုး ၁ ဦး တို့အား လက်နက်ကိုင်တပ်ဖွဲ့တဖွဲ့မှ ဖမ်းဆီးသွားခဲ့သည်။ (ShanNews)

မတ်လ ၁၈ ရက်နေ့ ညနေပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (တောင်ကြီး) အမှတ်-၁၇ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် လက်အောက်ခံ လင်းခေးအခြေစိုက် တပ်မတော် ခြေမြန်တပ်ရင်း အမှတ်-၅၇၈ တပ်ရင်းသည် မိုင်းကိုင်ဒေသခံ နွားကျောင်းသား ၁ ဦးအား ဖမ်းဆီးရိုက်နက်ခဲ့သောကြောင့် ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့ကြောင်း RCSS ပိုင် သတင်းဌာန ဖြစ်သော Taifreedom မှ သတင်းဖော်ပြခဲ့သည်။ (Taifreedom)

ကျောက်မဲနှင့် မိုင်းကိုင်ပြည်နယ်တို့တွင် အရပ်သား ပြည်သူအချို့ကို မြန်မာ့တပ်မတော်မှ ဖမ်းဆီးညှဉ်းပမ်းနှိပ်စက်မှုနှင့် သတ်ဖြတ်ခြင်းခံရမှုများအပေါ် သျှမ်းလူ့အခွင့်အရေး မဏ္ဍိုင်မှ မတ်လ ၂၆ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။ (TaiFreedom)

## စစ်ဘေးရှောင်

မတ် ၁၄ရက်နေ့တွင် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာသွားသည့် ဒုက္ခသည် ၃၇၄ ဦးကို ပြန်လည်လက်ခံရန် မြန်မာအစိုးရက အတည်ပြုပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူမှ ပြောခဲ့သည်။ **"၃၇၄ ယောက် ကျွန်တော်တို့ စိစစ်ပြီးဖြစ်ပါတယ်။ ဒီနေ့(မတ် ၁၄)ပဲ ရန်ကုန်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်သံရုံးကို ဒီစာရင်းကို ပို့ပေးလိုက်ပါပြီ။ တစ်ချိန်တည်းမှာပဲ ဒါကာမှာရှိတဲ့ မြန်မာသံရုံးက ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးရုံးကိုသွားပေးပါ့မယ်"** ဟုပြောခဲ့သည်။ (MyanmarTime)

မတ်လ ၁၄ ရက် နံနက် ၁၀ နာရီအချိန်ခန့်တွင် နမ္မတူမြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ပြေးဒုက္ခသည်များမှ ပန်ကွတ်ရွာသား ၅ ဦးသည် ရွာအတွင်းသို့ အိုးအိမ်များ စစ်ဆေးရန်သွားရာမှ ပျောက်ဆုံးနေသည်ဟု ပန်ကွတ်ကျေးရွာ အတွင်းရေးမှူးဖြစ်သူ ဦးသန်းအောင်မှပြောခဲ့သည်။ ပျောက်ဆုံးသွားသည့် ရွာသား ၅ဦးမှာ ဦးအောင်ပန်း (၅၅)နှစ်၊ ဦးအိုက်ဆမ်(မောက်ဟိန်း) (၄၂)နှစ်၊ အိုက်ဆန် (၃၅)နှစ်၊ အောင်မြင့် (၃၀)နှစ် နှင့်အိုက်လူ (၃၅)နှစ်တို့ဖြစ်ကြပြီး ပျောက်ဆုံးသွားသည့်အကြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပါတီများထံသို့ တင်ပြခဲ့ကြသည်။ (MarnagarNew)

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲနှင့် နမ့်ဆန်မြို့နယ် ကြား ကျေးရွာအချို့၌ တအာန်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် (RCSS) တို့ မတ်လ ၉ရက်နေ့မှ စတင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် တော့ဖယ်ရွာတွင် ဒေသခံ ၂၅၀ခန့် ပိတ်မိပြီး၊ မတ်လ ၁၅ရက်နေ့ နံနက်တွင် ပိတ်မိနေသူများအား ဘေးလွတ်ရာသို့ ပို့ဆောင်နိုင်ရန် ယာယီအပစ်ရပ်ပေးရန် နစ်ဖက်လက်နက်ကိုင်ဖွဲ့ကို ရှမ်းပြည်နယ်မြောက်ပိုင်း အခြေစိုက်လူမှုရေးအဖွဲ့များမှ တောင်းဆိုခဲ့ပြီး ယာဉ် ၁၂စီးဖြင့်သွားရောက် ခေါ်ဆောင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ **“လူမှုရေး အဖွဲ့တွေ စုပြီး ကား ၁၂စီးနဲ့သွားတာ။ ကျွန်တော် တို့မရောက်ခင် နာရီပိုင်းအတွင်း တိုက်ပွဲဖြစ်တယ်။ နောက်ပြီး မိုင်း အန္တရာယ်လည်း ရှိနေလို့ဆိုပြီး ဆက်သွားခွင့်မပေးဘူး။ နောက်နစ်ရက်လောက်ဆို ရိက္ခာပြတ်ပြီ လို့ဒေသခံတွေက ပြောတယ်”** ဟု နယ်စည်းမခြား ပရဟိတအဖွဲ့ (ရှမ်းပြည်နယ်မြောက်ပိုင်း) မှ ကိုမျိုးက ပြောခဲ့သည်။ မိုင်းငေါ်မြို့နယ် မန်ခေါက်ကျေးရွာတွင် ရှိသည့် မန်ခေါက်ဘုန်း တော်ကြီးကျောင်းသို့ စစ်ဘေးရှောင် **၁၀၀** ကျော် ရောက်ရှိခဲ့သည်။ (7Day) (Irrawaddy) (MarnagarNew) (TaiFreedom)

ရှမ်းပြည်မြောက်ပိုင်းတိုက်ပွဲများတွင် ပိတ်မိနေသော စစ်ဘေးရှောင် ၂၁၇ ယောက်ကို ကျောက်မဲမြို့သို့ ခေါ်ထုတ်နိုင်ခဲ့သည်ဟု ဒုက္ခသည်တွေကို အကူအညီပေးနေသည့် အဖွဲ့များမှ ပြောခဲ့သည်။ ဒုက္ခသည်များအား အကူအညီပေးနေသည့် ပရဟိတအဖွဲ့များ၏ အကူအညီဖြင့် ကျောက်မဲမြို့သို့ ရောက်ရှိလာ သူများထဲတွင် အများစုမှာ အမျိုးသမီးများဖြစ်သည်ဟု အကူအညီပေးနေသူတစ်ဦးမှ ပြောခဲ့သည်။ (NMG) (7Day) (MarnagarNew) (ShanNew) (Military) (Mizzima)

မတ်လ ၁၇ ရက်နေ့က နမ္မတူမြို့အရှေ့မြောက်ဘက်ရှိ နားဆိုင်းအနီး၌ တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် မြန်မာ့ တပ်မတော်တို့ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် နားဆိုင်းကျေးရွာနှင့် လွယ်ပြေး ကျေးရွာသားများ ထွက်ပြေးခဲ့ပြီး ထိုစစ်ရှောင်များထဲမှ စစ်ဘေးရှောင် ၂၀၀ ကျော်တို့သည် လားရှိုးမြို့ အီနိုင်းအုပ်စုဘုန်းကြီးကျောင်းနှင့် ရပ်ကွက် ၉ ရှိ ကချင်နှစ်ခြင်း ခရိယာန်ဘုန်းကြီး ကျောင်းများဆီ သွားရောက်ခဲ့သည်။(ShanNews) (Marganar)

မတ်လ ၁၉ ရက်နေ့တွင် ဖားအံမြို့၊ ဇွဲကပင်ခန်းမ၌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မြိုင်ကြီးငူ စစ်ဘေးရှောင် စခန်းအတွင်း ခိုလှုံနေသော စစ်ရှောင်များအတွက် ထောက်ပံ့ငွေ ကျပ်သိန်းပေါင်း ၁၂၆၉ သိန်း ကျပ်အား သက်ဆိုင်ရာ ကိုယ်စားလှယ်များထံမှ ပေးအပ်လှူဒါန်းခဲ့သည်။ အခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်အပါအဝင် ပြည်နယ်အစိုးရ အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူ များ၊ မသန်စွမ်းများ၊ ကရင် အရပ်ဘက်အဖွဲ့များ အပါအဝင် လူပေါင်း ၁၀၀ ဦးကျော် တက်ရောက်ခဲ့သည်။ (KIC)

မတ်လ ၂၀ ရက်နေ့အထိတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်တို့ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ကျောက်မဲမြို့ပေါ်သို့ ခိုယောင်းနှင့် တော့ဖယ်ကျေးရွာ ဒေသခံ ၂၆၀ ကျော် ပိတ်မိခဲ့သည်။ (Marnagar) (Irrawaddy)

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၀ ရက်နေ့တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် သီပေါမြို့နယ် အုံမုကျေးရွာအုပ်စု မန်လွယ်ရွာမှ ဘောကြို ဘုရားသို့ ထွက်ပြေး တိမ်းရှောင်လာကြပြီး နမ္မတူမြို့နယ် မန်စံကျေးရွာနားမှ လုပ်လေရွာဒေသခံများသည် မြို့သို့ ထွက်ပြေးတိမ်း ရှောင်လာခဲ့သည်။ **"ရွာမှာကဘာမှတော့မဖြစ်သေးဘူး။ တိမ်းရှောင်လာတဲ့သဘောပဲ။ ၁၀၀လောက်တော့ ရောက်ပြီ။ နောက်ထပ် တစ်သုတ်ထပ်လာနေပြီ။ ကျွန်တော်တို့ အခုနောက်တစ်ခေါက်တက်ပြီးသွားခေါ်မှာပါ"**ဟု စစ်ရှောင်များအား ကူညီနေသည့် နယ်စည်းမခြား ပရဟိတ အသင်း (သီပေါ) ၏တာဝန်ရှိသူ ကိုမျိုးမှပြောခဲ့သည်။ (7Day)

ကရင်ပြည်နယ် မြိုင်ကြီးငူ စစ်ဘေးရှောင်စခန်းတွင်ခိုလှုံနေရသည့် စစ်ရှောင်ဒုက္ခသည် ဦးရေ ၅ ထောင်ကျော်အပြင် အိမ်ထောင်စု တစ်ဆယ်ကျော် ထပ်မံရောက်ရှိ ခိုလှုံနေရကြောင်း စခန်းတာဝန်ရှိသူများမှ ပြောခဲ့သည်။ ထပ်မံရောက်ရှိလာသည့် အိမ်ထောင်စုများမှာ တိုက်ပွဲဖြစ်ပွားမှုများကြောင့် မဟုတ်ဘဲနေထိုင်ရာ ဒေသအတွင်း မြေမြှုပ်မိုင်းများ တဖြည်းဖြည်း များလာသည့် အတွက် ကျွဲ၊ နွားထိ ခိုက်မှုများကြောင့် နေထိုင်လုပ်ကိုင်ရန်မဖွံ့ရဲတော့သဖြင့် စစ်ဘေးရှောင်စခန်းသို့ရောက်ရှိလာခြင်းလည်းဖြစ်သည်ဟု လင်းမြတ်ရှင် စစ်ပြေးရှောင်စခန်း တာဝန်ခံတစ်ဦးဖြစ်သူ စောရွှေထွန်းမှပြောခဲ့သည်။ (KIC)

မတ်လ အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်နှင့် ကျောက်မဲမြို့တို့တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် စစ်ဘေးရှောင်နေရသူများသည် စုစုပေါင်း ၁၇၅၁ ဦးရှိပြီး နမ့်ဆန်မြို့သို့ ရောက်ရှိနေခဲ့သော စစ်ဘေးရှောင်သူ ၁၃၇ ဦးသည် မတ်လ ၂၆ ရက်နေ့တွင် နေရပ်ပြန်ခဲ့ကြပြီး ကျောက်မဲမြို့မှ စစ်ရှောင် ၂၅၈ ဦးသည် မတ်လ ၃၀ ရက်နေ့တွင် နေရပ်ပြန်မည်ဖြစ်သည်။ လူဦးရေ ၉၀၀ ခန့်သည် နေရပ်ပြန်ရန် အခက်အခဲများ ရှိနေသည်။ မတ်လ ၁၀ ရက်နေ့မှ မတ်လ ၂၆ ရက်နေ့အတွင်း ကျပ်သိန်း ၅၀၀ ခန့် တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများကို ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ခဲ့ကြသည်။ (7day)

## မြေမြှုပ်မိုင်း

မတ်လ ၁၄ ရက်မနက် ၈ နာရီခွဲတွင် နမ္မတူမြို့နယ် ချောင်းဆာအုပ်စု ပန်ကိုင်ကျေးရွာရှိ ဒေသခံတစ်ဦးသည် ဝါးသွားခုတ်ရန်သွားစဉ် အိမ်နှင့် ကိုက် ၁၀၀ အကွာတွင် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး ထိခိုက်ဒဏ်ရာရခဲ့သည်။ (MarnagarNew)

မတ်လ ၂၆ ရက်နေ့ ည ၁၁ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းမကြီးပေါ် ကျောက်မဲမြို့မှ သီပေါမြို့အထွက် အော်ရီယမ်တယ်တိုးဂိတ် အနီး၌ အသံမိုင်း တလုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး၊ မတ်လ ၂၇ ရက်နေ့ နံနက် ၀၀း၂၅ မိနစ် အရောက်တွင် တိုးဂိတ်နှင့် (၁၀) ကိုက် ခန့်အကွာတွင် လက်လုပ် ရီမုမိုင်းနစ်လုံး တပြိုင်တည်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းကြောင့် မြန်မာ့တပ်မတော် ခြေမြန်တပ်ရင်းမှ တပ်ကြပ်တဦး ဒဏ်ရာရရှိခဲ့သည်။ (Eleven) (7day)

မတ်လ ၂၅ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း တော့ဖယ်ကျေးရွာအနီး၌ လက်ဖက်ခြံထဲသို့ လက်ဖက်ခူးရန် သွားသည့် ဒေသခံအမျိုးသမီးတစ်ဦးသည် မိုင်းနင်းမိ၍ သေဆုံးခဲ့သည်။ (Marnagar)

မတ်လ ၂၅ ရက်နေ့ နံနက် ၈ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းမောမြို့နယ်၊ ပန်မုံကျေးရွာ ဘုန်းကြီးကျောင်းမှ ဆရာ တော်ဘဒ္ဒန္တသာသနနှင့် ရှင်သာမဏေနှစ်ပါး တို့ဝါးခုတ်ရန် သွားရောက်စဉ် မိုင်းမော မြို့နယ်၏ အရှေ့တောင်ဘက် ၂ မိုင်ခန့် အကွာ သို့အရောက်၌ မိုင်းထိမှန်ပေါက်ကွဲ၍ ဒဏ်ရာရရှိခဲ့သည်။ (The Ladies) (Military) (Marnagar)

မတ်လ၂၁ရက်နေ့တွင် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) ၏ မြန်မာနိုင်ငံကလေးငယ်များ အစီရင်ခံစာတွင် ၂၀၁၇ အတွင်း မြန်မာ နိုင်ငံရှိ ကလေး ၁၅၀ ဦးသည် စစ်ပွဲလက်ကျန် မြေမြှုပ်မိုင်းနှင့် အခြား ပေါက်ကွဲစေတတ်သော ပစ္စည်းများ၏ သားကောင်ဖြစ်ရသည်ဟု ဖော်ပြခဲ့သည်။ (7Day)

## တွေ့ဆုံဆွေးနွေးမှု

မတ်လ ၁၃ ရက် နေ့တွင် မြန်မာ- ထိုင်း နယ်စပ်တွင်ရှိသော ဘုရားသုံးဆူမြို့၌ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်အတွင်းတွင်ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုများနှင့် ပတ်သက်ပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မွန်ပြည်ပါတီ (NMSP) တို့ တွေ့ဆုံဆွေးနွေးခဲ့သည်ဟု KNU ဘုရားသုံးဆူ မြို့ဆက်ဆံရေး တာဝန်ခံ ဦးအက်ဒ်ပွက်မှ ပြောခဲ့သည်။ မွန်ပြည်သစ်ပါတီ ထားဝယ်ခရိုင် ဥက္ကဋ္ဌ နိုင်ငံထွန်း ဦးဆောင်သည့် အဖွဲ့မှ လာရောက်တွေ့ဆုံခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွင် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည့် နေရာသို့ နှစ်ဖက်ခေါင်းဆောင်များ သွားရောက်ကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ရှင်းလင်းပွဲပြုလုပ်မည့် အကြောင်းကို သဘောတူညီမှု ရရှိခဲ့သည်ဟု ဦးအက်ဒ်ပွက်မှ ပြောခဲ့သည်။ (TheLadies) (7Day) (MonNew) (7Day) (ThanLwinTime)

## အစည်းအဝေးများ

### UPDJC

မတ်လ ၂၃ ရက်နေ့ ရက်စွဲဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ဆောင်ရွက်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မွန်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်ရေး ကော်မတီကိုဖွဲ့စည်းခဲ့သော်လည်း လူထုတွေ့ဆုံရှင်းလင်းပွဲများ တပ်မတော်ဘက်မှ လူဦးရေ ကန့်သတ်မှုများ ပြုလုပ်လာသည့်အတွက် မွန်ပြည်သစ်ပါတီ (NMSP) ဘက်မှ မူလသတ်မှတ်ထားသည့်ရက်ကို ရွှေ့ဆိုင်းရန် စီစဉ်နေသည်ဟု မွန်ပြည်သစ်ပါတီမှ ဗဟိုကော်မတီဝင် နိုင်အောင်မငေးမှ ပြောခဲ့သည်။ (TheLadies) (SC Office) (7Day) (7day) (DVB)

မွန်ပြည်သစ်ပါတီ (NMSP) အနေဖြင့် မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် ကိစ္စကို အခက်အခဲများ ကြုံတွေ့နေ၍ ရက်ရွှေ့ဆိုင်းလိုကြောင်း ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ထံသို့ မတ်လ ၂၆ ရက် နေ့က အီးမေးမှ တဆင့် အကြောင်းကြားခဲ့သည်။ (Irrawaddy)

**FPNCC**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှု ကော်မတီ (FPNCC) ဒုတိယအကြိမ် အစည်းအဝေးအား မတ်လ ၂၆ ရက်နေ့မှ စတင်ပြီး ဝ ပြည်နယ် ပန်ခမ်း မြို့၌ ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ FPNCC ဥက္ကဋ္ဌ(၁)ဦးပေါက်ယုချန်၊ ဥက္ကဋ္ဌ(၂)အင်ဘန်လ၊ အတွင်းရေးမှူး ဦးပေါက်ယူရှိန့် ဒုတိယအတွင်းရေးမှူး ကျောက်ကော်အန်းတို့လည်း တက်ရောက်ခဲ့ကြသည်။ (RFA) (TNLA)

လာမည့် ဧပြီလ ၂ ရက်နေ့ နှင့် ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ကိစ္စရပ်ကို နိုင်ငံရေး ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးနိုင်ရန် NCA တွင် လက်မှတ်ထိုးထားသည့် အပစ်ရပ် ၁၀ ဖွဲ့မှ အကြိုဆွေးနွေးပွဲ ပြုလုပ်မည်ဟု ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO) နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောခဲ့သည်။ (TheLadies) (7day)

**NCA – EAOs**

မတ်လ ၂၇ ရက်နေ့တွင် မြန်မာ-ထိုင်းနယ်စပ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဗဟိုဦးဆောင်ကော်မတီအစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ရှေ့ဆက်နိုင် ရေးစဉ်းစားချက်တစ်ရပ် PPST သို့ တင်ပြရန် သဘောထားချမှတ်ခဲ့သည်ဟု ABSDF ဗဟိုဦး ဆောင်ကော်မတီဝင် ဆလိုင်းယောအောင်မှ ပြောခဲ့သည်။ (7Day)

**BGF**

မတ်လ ၂၅ ရက်တွင် မြဝတီခရိုင် သယ်န်းညီနောင်အခြေချစခန်းဗျူဟာ၌ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးအထူးအဖွဲ့မှူး (၄) ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်အပါအဝင် တပ်မတော်အဆင့်မြင့်အရာရှိများနှင့်ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဖွဲ့(BGF) မှခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့သည်ဟု BGF အရာရှိတစ်ဦးမှပြောခဲ့သည်။ **"တပ်ဖွဲ့အချင်းချင်းနားလည်မှုလွဲတဲ့အပေါ်မှာ လူကြီးချင်းတွေ့လိုက်တော့ အဆင်ပြေသွားပါတယ်"**ဟု ပြောခဲ့သည်။ တွေ့ဆုံမှုတွင် တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့်အတူ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းတို့ ပါဝင်ပြီး BGF မှ ဗဟိုအကြံပေး နှင့် ကွပ်ကဲရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စောထွန်းလှိုင်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူအပါအဝင် တပ်မှူးအချို့ပါဝင်ခဲ့သည်။ (7Day)

## နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

**EAOs**

မတ်လ ၁၆ ရက်နေ့မှ မတ်လ ၁၈ ရက်နေ့ထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ လားဟူ ဒီမိုဒီမိုကရက်တစ် အစည်းအရုံး LDU မှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးရခြင်းနှင့် ပတ်သက်ပြီး လူထုအား တွေ့ဆုံ အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးခဲ့သည့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး LDU

ခေါင်းဆောင်များ နှင့်အတူ လားဟူ အမျိုးသမီးအဖွဲ့အစည်းများ၊ လားဟူနိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ လားဟူစာပေနှင့် ယဉ်ကျေးမှု အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ အပါအဝင် စုစုပေါင်း လူဦးရေ ၅၀ ကျော်တက်ခဲ့သည်။ (NMG) (NMG)

မတ်လ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့နယ်၌ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU) ၏ ဆဋ္ဌမ အကြိမ်မြောက် ညီလာခံကျင်းပခဲ့ပြီး ဗဟိုကော်မတီဝင်ဦးရေ တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ညီလာခံတွင် လားဟူ ဒီမိုကရက်တစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရသည်အထိ လုပ်ဆောင်ရန်အတွက် လုပ်ငန်းစဉ် ချမှတ်ခဲ့ပြီး UPDJC တက်ရောက်ရန် လားဟူ ကိုယ်စားပြု ကိုယ်စားလှယ် ရွေးချယ်ခဲ့သည်။ (NMG) (ShanNews) (TheLadies)

**CSOs**

ကရင်ပြည်နယ်၊ ထိုင်း-မြန်မာနယ်စပ် ကရင်အမျိုးသား အစည်းအရုံး (KNU) မူတရော်(ဖာပွန်)ခရိုင်၏ ဘူးသိုမြို့နယ်၊ သံလွင်မြစ်ကမ်းနံဘေးတစ်နေရာရှိ အီတူးထော့ ပြည်တွင်း စစ်ရှောင်စခန်း၌ မတ်လ ၁၄ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ မြစ်ချောင်းများ ထိန်းသိမ်းရေးနှင့် ရေကာတာ ဆန့်ကျင်ရေးနေ့ကို ကရင်မြစ်ချောင်းများကွန်ရက်မှ ဦးဆောင် ကျင်းပခဲ့ရာ လူပေါင်း ၁,၀၀၀ကျော် တက်ရောက်ခဲ့သည်။ (KIC) (KIC)

မတ်လ ၁၉ ရက်နေ့တွင် ကရင်ပြည်နယ် လူသောမြို့နယ် လယ်မူပလောကျေးရွာ အုပ်စု လယ်ခိုကျေးရွာ၌ KNU ဖာပွန်ခရိုင်အတွင်း လတ်တလောဖြစ်ပွားနေသည့် ပစ်ခတ်မှုများကြောင့် ထွက်ပြေးတိမ်း ရှောင်နေရသည့် ကျေးရွာများမှ ဒေသခံများမှ ဦးဆောင်၍ ငြိမ်းချမ်းရေး အတွက် ဝတ်ပြုဆုတောင်းခြင်းများ ပြုလုပ်ခဲ့ပြီး မြန်မာ့တပ်မတော်မှ တပ်ပြန်လည် ရုတ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။ (KIC)

မတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid ဟိုတယ်၌ "ငြိမ်းချမ်းရေးအတွက် အမှန်တရားကို ဖွင့်ဟခြင်း"ဟု အမည်ပေးထားသည့် အစီရင်ခံစာနှင့် မှတ်တမ်းရုပ်ရှင်ပြပွဲ ပြုလုပ်ခဲ့သည်။ အဆိုပါပွဲတွင် ပြည်တွင်း စစ်ဒဏ်ခံစားနေသူများနှင့် မြန်မာ့ဒီမိုကရေစီ ကူးပြောင်းရေးအတွက် ပါဝင်ခဲ့ကြရင်း ထိခိုက်နစ်နာခဲ့သည့် အမျိုးသမီးများ အတွက် ဘဝပြန်လည် ထူထောင်ရေးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသည့် ခေါင်းဆောင်များ ထည့်သွင်းစဉ်းစားပေးပါဟု အာရှတရားမျှတမှုနှင့် လူ့အခွင့်အရေးအဖွဲ့ (AJAR) ၊ ကရင်အမျိုးသမီးအစည်းအရုံး (KNO) ၊ တအာန်းအမျိုးသမီးအဖွဲ့အစည်း (TWO) နှင့် ဝိမုတ္တိ အမျိုးသမီး အဖွဲ့အစည်း (WNO)တို့မှ တောင်းဆိုခဲ့ကြသည်။ (Irrawaddy)

**JMC**

- **JMC-U**

မတ်လ ၂၁ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးသို့ JMC-U အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်သားကိုယ်စားလှယ်များအပြင် တိုင်းဒေသကြီး၊ ပြည်နယ် အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များနှင့်

ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ (JMC-L) များမှ ကိုယ်စားလှယ်များလည်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့သည်။ (MOI) (MOI) (JMC) (PopularNew) (TaiFreedom) (Irrawaddy) (BBC)

မတ်လ ၂၂ရက်နေ့တွင် ရန်ကုန် မြို့ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင်ကျင်းပ ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် **ဖာပွန်ခရိုင်အတွင်း မြန်မာ့တပ်မတော်နှင့် KNU တို့ ဖြစ်ပွားနေသော တိုက်ပွဲများ ညှိနှိုင်းဖြေရှင်းရန်အတွက် မတ်လ ၂၉ ရက်နေ့ (သို့မဟုတ်) ၃၀ ရက်နေ့ တွင် တွေ့ဆုံပွဲ ပြုလုပ်သွားမည်** ဟု သဘောတူညီမှု ရရှိခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တအာင်းလက်နက်ကိုင်အဖွဲ့ (TNLA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့၏ တိုက်ပွဲများ၌ တပ်မတော်အနေဖြင့် RCSS ဘက်မှ ကူတိုက်ပေး ခြင်းမရှိကြောင်း (JMC-U) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဂဏ္ဍာအောင်မှပြောခဲ့သည်။ **"RCSS ဘက်ကလည်း တိုက်ကူတာမဟုတ်ပါဘူး။ တပ်မတော်အနေနဲ့ မိမိရဲ့နယ်မြေမှာ လှုပ်ရှားတပ်တွေ အမြဲတမ်းရှိပါ တယ်။ လှုပ်ရှားစိုးမိုးပြီးဆောင် ရွက်တာတွေရှိပါတယ်။ ဒီလှုပ် ရှားစိုးမိုးတဲ့ အချိန်မှာတစ်ဖက်က လက်မှတ်မထိုးသေးတဲ့ သောင်းကျန်းသူအဖွဲ့နဲ့ တွေ့ရင်တော့ လည်း ထိတွေ့ပစ်ခတ်မှုလေးတွေ ရှိနိုင်တာပေါ့"** ဟု ဗိုလ်မှူးကြီး ဂဏ္ဍာအောင်မှ ပြောခဲ့သည်။ (7Day) (TheLadies) (MOI) (Mizzima)

- JMC - S

မတ်လ ၁၅ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့မူးတာကျေးရွာ၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (ကရင်) အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထုတွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ လူထုတွေ့ဆုံပွဲသို့ ကော့မူးတာကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ များမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ အပါအဝင် ပြည်သူလူထု (၂၃၀) ခန့် တက်ရောက်ခဲ့ကြသည်။ (JMC)

မတ်လ ၂၃ ရက်နေ့တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်ဟံဂံကျေးရွာ၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ JMC-S (မွန်) အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (မွန်) ကော်မတီဝင်များမှ မွန်ပြည်သစ်ပါတီ (NMSP) မှ တစ်နိုင် ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သဖြင့် ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီတွင် ပါဝင်လာတော့မည့် အစီအစဉ်များကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။ လူထု တွေ့ဆုံ ပွဲသို့ JMC-S (မွန်) ကော်မတီဝင်များ၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဟံဂံကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ အပါအဝင် ပြည်သူ လူထု (၆၀၀) ခန့် ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

GOV

မတ် ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနတွင်ပြုလုပ်သည့် ရခိုင်အရေး သတင်းစာရှင်းလင်းပွဲ၌ ရခိုင်ပြည်နယ် မောင်တောခရိုင်တွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ အပြီးတွင် တပ်မတော်မှ တိုင်းမှူးတစ်ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲမှူးချုပ်တစ်ဦး အပါအဝင် တာဝန်ရှိသူအချို့ကို အရေးယူထားသည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ပြောခဲ့သည်။ **"ပြစ်မှုတွေအတွက် စစ်စည်းကမ်း လုပ်ထုံးလုပ်နည်းနဲ့ အရေးယူထားတာ"**ဟု ပြောခဲ့သည်။ (Frontier)

မတ်လ ၂၂ရက်နေ့တွင် ချင်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ရုံးခန်း၌ အိန္ဒိယနိုင်ငံ မီဇိုပြည်နယ်မှ ရောက်ရှိလာသည့် မီဇိုအမျိုးသားတပ်ဦးပါတီ ဥက္ကဌ ပူးဇိုရမ်ထန်အာနှင့် ချင်းပြည်နယ် ဝန်ချုပ် ဦးလျန်လွယ်တို့ တွေ့ဆုံခဲ့သည်။ ထို့အတူ ညနေ(၄)နာရီတွင် ပူးဇိုရမ်ထန်းအာကမှ ဟားခါးမြို့ရှိ မီဒီယာများနှင့်တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ချင်းပြည်နယ် လူထုနှင့် မီဇိုရမ်ပြည်နယ် လူထုအား ပူးပေါင်းမှု ပိုမိုအားကောင်းလာစေရေးနှင့် ချင်းပြည်နယ် တိုးတက်ဖွံ့ဖြိုးရေးအတွက် မီဇိုရမ်လူထုနှင့် အတူအကွ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်နိုင်သည့် အနေအထားများကို လာရောက်လေ့လာခြင်းဖြစ်သည်ဟု ပြောခဲ့သည်။ (KhonumthungNew)

## Military

မတ်လ၂၇ရက်နေ့တွင် နေပြည်တော်၌ (၇၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းနားကိုပြုလုပ်ခဲ့သည်။ (Miilitary) (Military) (Military) (Popular)

မတ်လ ၂၇ ရက်နေ့မှာ ကျရောက်သည့် (၇၃)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ တပ်မတော်ကို ပြိုကွဲစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် အခြေအမြစ်မရှိသည့် ဆန့်ကျင်ဘက်အဖွဲ့ အစည်းအချို့၏ ပြောဆိုရေးသားမှုများကို သတိတရား၊ အသိတရားများနှင့် ယှဉ်ပြီး တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **" အခြေအမြစ်မရှိဘဲ စည်းကမ်းမဲ့ ပြောဆိုရေးသားမှုတွေဟာ အမုန်းတရားကို ဖြစ်စေပြီး နိုင်ငံတော်ရဲ့ ဂုဏ် သိက္ခာကိုလည်း ကျဆင်း စေတဲ့ အပြင် နိုင်ငံတော်တည်ဆောက်ရေးမှာလည်း အဟန့်အတားဖြစ်စေပါတယ် "** ဟုပြောသည်။ဆက်လက်ပြီး ဒီမိုကရေစီစနစ် တွင်လည်း ဒီမိုကရေစီစံနှုန်းနှင့် အညီ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်ရှိသော်လည်း ပြဋ္ဌာန်းထားသည့် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီပြောဆိုရေးသားရန် လိုအပ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှပြောခဲ့သည်။ (MyanmarTimes) (Military)

## ထုတ်ပြန်ချက်

မတ်လ ၁၆ ရက်နေ့တွင် ကရင်အမျိုးသား အစည်းအရုံး (KNU)မှ အစိုးရနှင့် ချုပ်ဆိုထားသည့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ချိုးဖောက်ပြီးKNU၏ မူတရော်ခရိုင် (ဖာပွန်) လူသောမြို့နယ်ရှိ တပ်မဟာ ၅ လူပ်ရှားနယ်မြေ အတွင်း တပ်မတော် စစ်ကြောင်းများမှ ကားလမ်းဖောက်ရန် အတွက် အင်အားအလုံး အရင်းဖြင့် ဝင်ရောက်လာခြင်း၊ စစ်ရေး လှုပ်ရှားနေခြင်းများကို ရပ်ဆိုင်းပြီး တပ်များပြန်ရုတ်သိမ်းပေးရန် ကြေညာချက် တစောင် ထုတ်ပြန်ခဲ့သည်။ (Irrawaddy) (TheLadies) (Mizzima) (KIC)

မတ်လ ၁၆ ရက်နေ့တွင် အစိုးရ၊ တပ်မတော်နှင့် 'ဝ' လက်နက်ကိုင်အဖွဲ့ (UWSA) တို့ အကြား ဆက်သွယ်ရေးလမ်းကြောင်းပွင့်နေပြီး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နေခြင်းသည် 'ဝ'အဖွဲ့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်ခံလိုက်ပြီဟု မှတ်ယူ၍ မရနိုင်ကြောင်း UWSAအဖွဲ့မှ ထုတ်ပြန်ချက်တစောင် ထုတ်ပြန်ခဲ့သည်။ (7Day) (DVB)

ငြိမ်းချမ်းရေး ကော်မရှင် (PC) မှ အဖွဲ့ဝင် ဦးအောင်စိုးမှ ဝ ပြည်နယ်မှ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး သဘောတူ စာချုပ် (NCA) ကို လက်ခံလိုက်ပြီ ဖြစ်ကြောင်း ပြောဆိုမှုနှင့် ပတ်သတ်၍ ဝ ပြည်နယ်မှ မတ်လ ၁၇ ရက်နေ့ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (FPNCC)

*မတ်လ ၁၀ ရက်နေ့မှ စတင်၍ ရှမ်းပြည်နယ်ရှိ ကျောက်မဲ၊ နမ့်ဆမ်နှင့် နမ္မတူမြို့နယ်များတွင် RCSS နှင့် TNLA တို့တိုက်ပွဲများကြောင့် မတ်လ ၁၈ ရက် နေ့အထိ လူဦးရေ ၁,၇၀၀ နီးပါး နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်* ဟု UNOCHA မှထုတ်ပြန်ခဲ့သည်။ (Mizzima)

မွန်နှစ်ပါတီ(MNSP နှင့် MNP) ပေါင်းစည်းရေးအပြင် မွန်ပြည်သစ်ပါတီနှင့် ပူးတွဲ၍ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ပူးတွဲလုပ်ဆောင်ရန် ဆောင်ရွက်နေသဖြင့် မွန်အမျိုးသားပါတီ (Mon National Party)၏ ဒုတိယ အကြိမ် ညီလာခံကျင်းပမည့် ရက်ကို ရွှေ့ဆိုင်းကြောင်း မွန် အမျိုးသားပါတီက မတ်လ ၁၈ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ (7day) (MonNews) (BBC) (DVB)

NCA တွင် လက်မှတ်ရေးထိုးထားသည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအာင်း လက်နက်ကိုင်အဖွဲ့ (TNLA) တို့ တိုက်ပွဲများ ဖြစ်ပွားရခြင်းသည် (RCSS) က နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ် (NCA) ကို အကာကွယ်ယူပြီး ထိုးစစ်ဆင်နေခြင်းကြောင့် ဖြစ်သည်ဟု ဝေဖန်သုံးသပ်ထားသည့် ကြေညာချက် တစ်စောင်ကို ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) က မတ်လ ၁၉ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ (TheLadies) (Marganar) (NAB)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ မတ်လ ၁၉ ရက်နေ့တွင် သဝဏ်လွှာ ပေးပို့ခဲ့သည်။ (MOI)

ချင်းအမျိုးသားတပ်ဦး (CNF) ၏ နှစ် ၃၀ ပြည့် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက် (CNF) (ChinWorld)

တရုတ်နိုင်ငံသမ္မတနှင့် စစ်ရေးဗဟိုကော်မတီဥက္ကဌအဖြစ် ရွေးကောက်တင်မြှောက်ခံလိုက်ရသည့် သမ္မတ ရှီကျင့်ဖျင် ဦးဆောင်သော တရုတ် အစိုးရအနေဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စစ်ရေးပြဿနာကို ဦးဆောင်ဖြေရှင်းပေးရန် ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ (FPNCC) မှ မတ်လ ၂၀ ရက်နေ့ ရက်စွဲဖြင့် မြန်မာ၊ အင်္ဂလိပ်၊ တရုတ် ဘာသာသုံးမျိုး သုံး၍ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (Popular) (TheLadies) (TheArakanArmy) (TNLA)

မတ်လ ၂၁ ရက်နေ့တွင် လားဟူဒီမိုကရက်တစ်အစည်းအရုံး၏ ဆဌမအကြိမ်မြောက်ညီလာခံအပြီးကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။ (UNFC)

မတ်လ ၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် နိုင်ငံတော်သမ္မတရာထူးမှ နုတ်ထွက်ကြောင်း ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်။ (PresidentOffice) (MyitKyinaNew) (MarnagarNew) (MOI) (MonNew)

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် ရခိုင်အမျိုးသားပါတီ(ANP)မှ ကိုယ်စားလှယ်များ၊ ရခိုင်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပူးပေါင်းဖွဲ့စည်းထားသော ရခိုင် အမျိုးသား အဆင့်နိုင်ငံရေး ဆွေးနွေးပွဲဖြစ်မြောက်ရေးကော်မတီအား ဖျက်သိမ်းကြောင်း မတ်လ၂၀ရက်နေ့တွင် အဆိုပါ ကော်မတီမှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (7day)

ကျောက်မဲနှင့် မိုင်းကိုင်ပြည်နယ်တို့တွင် အရပ်သား ပြည်သူအချို့ကို မြန်မာ့တပ်မတော်မှ ဖမ်းဆီးညှဥ်းပမ်းနိပ်စက်မှုနှင့် သတ်ဖြတ်ခြင်းခံရမှုများအပေါ် သျှမ်းလူ့အခွင့်အရေး မဏ္ဍိုင်မှ မတ်လ ၂၆ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။ (TaiFreedom)

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)တို့အကြား ယခုမတ်လ ၁၀ ရက်က စတင်ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ရှမ်းပြည်နယ်တွင် လူဦးရေ ၁,၉၀၀ ကျော် နေရပ်ကို စွန့်ခွာတိမ်းရှောင်နေရ ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) က မတ်လ ၂၆ ရက် ညတွင် သတင်းထုတ်ပြန်ခဲ့သည်။ (UNOCHA) (7day)

## သဘောထားမှတ်ချက်

မတ် ၁၄ ရက်နေ့တွင် DVB သတင်းဌာနမှ "ဝ" ပြည် သွေးစည်း ညီညွတ်ရေး တပ်မတော် (UWSA)နှင့် မိုင်းလား အဖွဲ့ (NDAA) တို့ တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်ခံလိုက်သည် ဆိုသော သတင်းသည် မဟုတ်မှန်ကြောင်း ညှိနှိုင်းမှုအဆင့်တွင်သာ ရှိသေးကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ပြောခဲ့သည်။ (Irrawaddy)

"ဝ" ပြည် သွေးစည်း ညီညွတ်ရေး တပ်မတော် (UWSA)နှင့် မိုင်းလား အဖွဲ့ (NDAA)တို့ တနိုင်ငံလုံး အပစ်အခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လမ်းကြောင်းကို လက်ခံလိုက်သည်ဟု အစိုးရငြိမ်းချမ်းရေး ကော်မရှင် (PC) မှ ဦးအောင်စိုးမှ ပြောကြားခဲ့သည်။ သို့သော် NCA ကို လက်ခံသည့် NCA တွင် လက်မှတ်ရေးထိုးမည်ဆိုသည့် သဘောတူညီမှုရှိလျှင် ပန်ဆန်းဌာနချုပ်မှ သတင်းထုတ်ပြန်မည်ဖြစ်သည်ဟု "ဝ" အဖွဲ့၏ လားရှိုးမြို့ ဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရမ်းမှ ပြန်လည်တုန့်ပြန်ခဲ့သည်။ (TheLadies)

မတ်လ ၁၄ ရက်တွင်ပြုလုပ်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည် စိစစ်လက်ခံရေးဆိုင်ရာအခြေအနေများ ရှင်းလင်းဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် စစ်တွေနှင့် ကျောက်ဖြူမြို့နယ်ရှိ ဒုက္ခသည်စခန်းများ (IDPs Camp) ကို ယခုနှစ်အတွင်း ဖျက်သိမ်းပြီး မူလနေရာသို့ ပြန်လည်ပို့ဆောင်ရန် စီစဉ်နေကြောင်း၊ **"အချုပ်အားဖြင့် ပြောမယ် ဆိုရင် အိုင်ဒီပီစခန်းဟာ ရခိုင်ပြည်နယ်အတွင်းမှာ စစ်တွေမြို့နယ် ရယ်၊ ကျောက်ဖြူရယ် နှစ်နေရာ မှာပဲ ကျန်ပါတယ်။ ဒီနှစ်မှာ စစ် တွေခရိုင်ထဲမှာရှိတဲ့ တောင်ပေါ် အိုင်ဒီပီစခန်းကို ကျွန်တော်တို့ ရွှေ့ပြောင်းဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"**ဟု ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေမှ ပြောခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့်ပတ်သက်ပြီး လူ ၃၈၄ ယောက် ကို ဖမ်းဆီးထားကာ အကြမ်းဖက်မှုဥပဒေ ၊ လူသတ်မှု ၊ မုဒိမ်းမှု ၊ လဂကမှု ၊ မတရား အသင်း ဆက်သွယ်မှု စတဲ့ အမှုများဖြင့် တရားစွဲဆိုထားကြောင်းပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ် ဝင်းထွန်းကပြောခဲ့သည်။ (7Day) (Mizzima) (Mizzima)

မွန်ပြည်သစ်ပါတီ(MNSP)မှ ဦးဆောင်ပြုလုပ်မည့် လူထုတွေ့ဆုံပွဲများအား တပ်မတော်ဘက်မှ လူဦးရေကန့်သတ်သည့်အတွက် တွေ့ဆုံပွဲ ပြုလုပ်ရန် ညှိနှိုင်းနေမှုများ အဆင်ပြေမှုမရှိပဲ ရပ်ဆိုင်းနေသည့် အနေအထား အတိုင်းသာ ရှိနေဆဲ ဟု မွန်ပြည်သစ်ပါတီ ပြည်တွင်းရေးရာ ဌာန တာဝန်ခံ နိုင်ဝင်းလှမှ ပြောခဲ့သည်။ **"မပြေသေးဘူးခင်ဗျာ။ မပြေသေးဘူး၊ ရပ်ဆိုင်းနေတဲ့ အနေအထားတိုင်းသာ ရှိနေပါသေးတယ်"**ဟု ပြောခဲ့သည်။ ငြိမ်းချမ်းရေးကော်မရှင်မှ ကြားဝင်ညှိနှိုင်းပေးမှုကြောင့် မွန်လူထုတွေ့ဆုံပွဲပြုလုပ်ရန် အဆင်ပြေသွားပြီ ဆိုသည့် သတင်းများ ထွက်ပေါ်လာနေသော်လည်း တစ်စုံတရာ အကြောင်းကြားစာ မွန်ပြည်သစ်ပါတီဘက်သို့ ရောက်ရှိလာခြင်းမရှိသေးကြောင်း၊ **"အဲဒီသတင်းကို ကျွန်တော်တို့လည်း ကြားရတယ်။ ဦးခင်ဇော်ဦးနဲ့ ဦးအောင်စိုးတို့ကြားက ညှိနှိုင်းလို့ အဆင်ပြေသွားပြီ ဆိုတဲ့ သတင်း ကြားရတယ်။ ဒါပေမယ့် အဲ့ဒီလိုကြားရပေမယ့် တကယ်တမ်းကျတော့ ကျွန်တော်တို့ဆီကို အကြောင်းကြားစာ ရောက်မလာဘူးခင်ဗျ"** ဟု နိုင်ဝင်းလှမှ ပြောခဲ့သည်။ (Mizzima)

မတ်လ အတွင်းတွင် နမ့်ဆန်၊ သီပေါ၊ ကျောက်မဲနှင့် နမ္မတူ စသည့် မြို့နယ်များ၌ သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် တောင်ပိုင်း (RCSS/SSA) နှင့် တအာန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး TNLA ၏ သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူး မိုင်းအိုက်ကျော်မှ အဆိုပါ တိုက်ပွဲများနှင့် နစ်ဖက် တွေ့ဆုံနိုင်မှု အခြေအနေနှင့် အကြောင်းအရာများအား အောက်ပါလင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ (TNLA) (NMG)

မတ်လ ၁၈ ရက်နေ့တွင် တနိုင်းမြို့နယ် ရှဒူဇွပ်ကျေးရွာရှိ နယ်မြေခံတပ် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံခဲ့ပြီး မိန့်ခွန်းပြောကြားသွားခဲ့သည်။ (MOI) (7day) (Miliatary)

ကချင်ပြည်နယ် ဆော့လော်မြို့နယ်တွင် မြစ်ကြီးနားမြို့နယ်မှ လာသော ဆန်များအား ဒေသတွင်း လုံခြုံရေးအရဟု ဆိုကာ ပိတ်ပင်တားမြစ်သော်လည်း တရားမဝင် သစ်ထုတ်လုပ်ရေး လုပ်နေသော တရုတ်နိုင်ငံသားများအား ဖမ်းဆီးခြင်း မရှိကြောင်း ဒေသခံ လူငယ် ၅ ဦးမှ ဒေသကိုယ်စား မီဒီယာများအား ပြောခဲ့သည်။ (DVB)

မတ်လ ၁၉ ရက်နေ့တွင် ပူတာအိုတပ်နယ်၌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကြီး မင်းအောင်လှိုင်မှ ပူတာအို တပ်နယ်ရှိ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ပြည်သူ့စစ် အဖွဲ့ဝင်များ အား တွေ့ဆုံပြီး မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နယ်စပ်ရေးရာ ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှတပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေ၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ပူတာ အိုမြို့ရှိ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များတက်ရောက်ခဲ့သည်။ (Military) (Military)

ကချင်နိုင်ငံရေးပါတီ ၃ ပါတီဖြစ်သော ကချင်အမျိုးသားကွန်ကရက်ပါတီ (KNC)၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)နှင့် ကချင်ဒီမိုကရက်တစ်ပါတီ (LDP)တို့ ဦးဆောင်ခဲ့ပြီး ဧက ၅၀ ကျောက်မျက်လုပ်ကွက်များကို ၁၀ ပြဌာန်းမှု အလိုမရှိကြောင်းနှင့် ၂၀၁၇ ကျောက်မျက် ဥပဒေ အမြန်ဆုံးပြဌာန်းပေးဟူသော တောင်းဆိုချက်များ တောင်းဆို၍ ဆန္ဒ ထုတ်ဖော်ခဲ့သည်။ (Mizzima)

မွန်ပြည်သစ်ပါတီ NMSP မှ မွန်လူထု အကြိုတွေ့ဆုံပွဲအား ပြုလုပ်ရန်ပြင်ဆင်နေသော်လည်း တပ်မတော်ဘက်မှ ဆန့်ကျင်ကန့်သတ်မှုများ ပြုလုပ်နေခဲ့သဖြင့် ပြုလုပ်နိုင်ခဲ့ခြင်း မရှိသေးကြောင်း မတ်လ ၁၉ ရက်နေ့တွင် မွန်ပြည်ပါတီ ဗဟိုအလုပ်မှုဆောင် ကော်မတီဝင် နိုင်ဝင်းလှ မှ ပြောခဲ့သည်။ (Irrawaddy)

မတ်လ ၁၉ ရက်နေ့တွင် ဒီမော့ဆိုမြို့နယ်၌ ဆယ်သဲသင်ယူလေ့လာရေးဆုံရပ် (STLC) ၏ ကျောင်းဆင်းပွဲပြုလုပ်ခဲ့ပြီး အဆိုပါ ကျောင်းဆင်းပွဲ၌ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) အတွင်းရေးမှူး ၂ ခူဒယ်နီယာယ်မှ "**လက်ရှိအနေအထားကို ကြည့်ရင်တော့ ကျနော်တို့ NCA တော့ မထိုးသေးဘူး ဒါပေမယ့် ကျနော်တို့ ခံယူချက်က NCA ထိုးသည်ဖြစ်စေ မထိုးသည်ဖြစ်စေ ဒီပြည်နယ်က အေးချမ်းရမယ်။ နောက်ပြီးမှ လူငယ်မောင်မယ်တွေက စာတတ်မြောက်ရမယ် စသဖြင့် ဒါတွေက အဓိက ဖြစ်ပါတယ်**" ဟု ပြောခဲ့သည်။ (KNPP)

မတ်လ ၂၀ ရက်နေ့တွင် ချင်းပြည်နယ် ထန်တလန်မြို့နယ်တွင်းရှိ ချင်းအမျိုးသားတပ်မတော် (CNF) စစ်ဌာနချုပ်ဖြစ်သည့် အိန္ဒိယနယ်စပ် ဗစ်တိုးရီးယားစခန်း၌ ချင်းအမျိုးသားတပ်ဦး၏ တော်လှန်ရေး နှစ်(၃၀) ပြည့်အခမ်းအနားအား ပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ချင်းအမျိုးသားတပ်ဦး ဒုဥက္ကဌ ဒေါက်တာလျန်မှုန်းဆာခေါင်းမှ " ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ ရရှိနိုင်ရေးအတွက် ချင်းအမျိုးသားတပ်ဦးအနေဖြင့် နိုင်ငံရေးနှင့် စစ်ရေး နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်နေကြောင်း၊ ထို့အတွက်ကြောင့် နိုင်ငံရေးပြသနာကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်ရန်အတွက် ချင်းအမျိုးသားတပ်ဦးအနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး စာချုပ်ချုပ်ဆိုခဲ့ကြောင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တက်ရောက်ပြီး ပြည်ထောင်စု သဘောတူ စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း" တို့အား ပြောခဲ့သည်။ (ChinWorld)

ရခိုင်အမျိုးသားပါတီ (ANP) မှ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား မတ်လ ၂၀ ရက်နေ့ ပြုလုပ်ရန် စီစဉ်ထားသော်လည်း ရခိုင်ပြည်နယ် အစိုးရမှ ဟန့်တားခဲ့သည့်အတွက် အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်မည့် အစီအစဉ်အား ဖျက်သိမ်းခဲ့ရသည်။ (BBC)

မတ်လ ၂၁ ရက်နေ့တွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စာချုပ် NCA လက်မှတ်ရေးထိုးထားသည့် လားဟူဒီမိုကရက်တစ် အစည်းအရုံး LDU အနေဖြင့် လားဟူကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရသည်အထိ ကြိုးပမ်းလုပ်ဆောင်သွားမည်ဟု အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးကြီး ဆော်လမွန်မှ ပြောခဲ့သည်။ "**အဓိက ရှေ့လုပ်ငန်းစဉ်က အမျိုးသားရေးပဲ၊ ကျွန်တော်တို့ ရှေ့ဆက်ပြီးတော့ အမျိုးသားရေးလုပ်ဖို့ ဒီအထူးသဖြင့် ဒီလားဟူဒေသ ဖွံ့ဖြိုးရေးလုပ်မယ်။ လားဟူဒေသဖွံ့ ဖြိုးရေးလုပ်ပြီးရင် လားဟူဒေသမှာ အထူးဒေသတွေဘာတွေ သတ်မှတ်ဖို့အထိ ကျွန်တော်တို့ ကြိုးစားသွားပါ့မယ်။ အဲ့လိုအထူးဒေသရဖို့ ကြိုးစားမှာသာလျှင် ကျွန်တော်တို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသရလာလိမ့်မယ်။ အဲ့ကနေ တဆင့်ပြီးတဆင့် ကြိုးစားပြီးမှ တက်သွားလိမ့်မယ်။ နိုင်ငံရေးဆွေးနွေးပွဲအရပေါ့။**"ဟု ပြောခဲ့သည်။ (NMG)

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ထိုးနိုင်ရေး အစိုးရ ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့အကြား ယခုနှစ် ဧပြီလတွင် ကျရောက်မည့် အတာသင်္ကြန်မတိုင်မီ တရားဝင်ဆွေးနွေးပွဲတရပ် ပြုလုပ်သွားရန် လျာထားကြောင်း၊KNPP လွိုင်ကော် ဆက်ဆံရေးရုံး တာဝန်ခံ ခူညေးရယ်မှ ပြောခဲ့သည်။ "**ကျနော်တို့ တွေ့ဆုံဆွေးနွေးရေး ကော်မတီမှာပါဝင်တဲ့ အဖွဲ့တွေ တွေ့ဆုံညှိနှိုင်းရမယ်။ ခန့်မှန်းချေကတော့ လကုန်ပြီး သင်္ကြန် မတိုင်ခင်မှာ ဖြစ်နိုင်မယ်။ အဲလိုယူဆတယ်။ ကျနော်တို့ ဆွေးနွေးမယ့် အချက်တွေနဲ့ပတ်သက်ပြီး တိုင်ပင် ညှိနှိုင်းပြီးမှ ရက်တွေကိုသတ်မှတ်မယ်။ အကြောင်းပြန်မယ်**"ဟု ပြောခဲ့သည်။ (Irrawaddy)

မတ်လ ၂၁ ရက်မှစတင်၍ သမ္မတရာထူးမှ နုတ်ထွက်လိုက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင် ပြန် လည် ရွေးချယ်သွားမည်ဖြစ်ကြောင်း အာဏာရ NLD ပါတီပြောခွင့်ရပုဂ္ဂိုလ် မုံရွာအောင်ရှင်မှပြောခဲ့သည်။ "**ဘယ်လိုသမ္မတမျိုး ရွေးမလဲဆိုတာတော့ ကျွန်တော်တို့ ထပ်ပြီး တိုင်ပင်ရဦးမှာပါ။ အဓိကကတော့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့**

**သမ္မတရွေးချယ်ရေးလုပ်ငန်းတွေနဲ့ ပြန်ဆွေးနွေးကြမယ်လို့ ထင်ပါတယ်။ ပါတီကနေ တိုက်ရိုက်ထုတ်ပြန်မှာမဟုတ်ဘူး။ အစိုးရ နဲ့ လွှတ်တော်က အဓိက ကိုင်တွယ်သွားမှာပါ "** ဟုပြောခဲ့သည်။ (Mizzima) (BBC) (Frontier)

မတ်လ ၂၃ ရက်တွင် ဒုတိယ သမ္မတအဖြစ် ရွေးချယ်ခံရသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးဝင်းမြင့်အပါအဝင် ဒုသမ္မတသုံးဦးအနက် ဦးဝင်းမြင့်သာလျှင် နိုင်ငံရေး နောက်ခံ သမိုင်းကြောင်းနှင့် နိုင်ငံရေးပါတီအရ သမ္မတအဖြစ် ရွေးချယ်ရန် အသင့်တော်ဆုံး ဖြစ်သည်ဟု ယူဆကြောင်း ကရင်အမျိုးသားအစည်းအရုံး(KNU) ဒုဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းမှ ပြောခဲ့သည်။ ထို့ပြင် နိုင်ငံတော်သမ္မတ သစ်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်၍တာဝန်ယူဆောင်ရွက်ရန်၊ **"ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဘယ်လိုဆက်ပြီးတော့ တာဝန် ခွဲဝေမလဲ တော့ မသိဘူးပေ့ါ။ တကယ်လို့ သူကထဲထဲဝင်ဝင်ပါနိုင်လို့ကတော့ ကောင်းတဲ့လက္ခဏာတစ်ရပ်ပဲလို့ မြင်တယ်။ သမ္မတဆိုတာ နိုင်ငံတော်မှာ အမြင့်ဆုံးတာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကိုး။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာကလည်း သမ္မတတစ်ယောက်အနေနဲ့ တာဝန်ယူနိုင်တဲ့ အနေအထားရှိလို့ ရှိရင်ကောင်းတယ်"**ဟု ပဒိုစောကွယ်ထူးဝင်းမှ ပြောခဲ့သည်။ (7Day)

မတ်လ ၂၆ ရက်နေ့တွင် UNFC မှ အတွင်းရေးမှူး ဖြစ်သူ ထွန်းဇော်မှ မြန်မာ့ငြိမ်းချမ်းရေးနှင့် ပတ်သတ်၍ အခြေအနေများအကြောင်းအား အင်တာဗျူး ဖြေဆိုထားပြီး အောက်ပါ လင့်ခ်တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။ (ArakanArmy) (ANC Vedio)

မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၃) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနား၌ NLDပါတီမှ ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။ ကြေငြာချက်တွင် နိုင်ငံ၏အစိုးရကို ပီပီပြင်ပြင်ဖြစ်အောင်လုပ်မည့် နိုင်ငံရေးသမားနှင့် တပ်မတော်ကြား နားလည်မှု များစွာရှိရန်လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှပြောကြားခဲ့သည်။ **"မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် ကြိုးပမ်းကြတဲ့ ခေါင်းဆောင်များဟာ ကျွန်မတို့ နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ခဲ့ တာဖြစ်ပါတယ်။ လွတ်လပ်ရေးရဖို့အတွက် ပြည်သူလူထုနဲ့ တပ်မတော်အားလုံး လက်တွဲပြီး ကြိုးပမ်းကြလို့ရခဲ့တာဖြစ်ပါတယ်။ အခုချိန်မှာ ဒီမိုကရေစီရရှိရေးအတွက် ပြည်သူလူထုနဲ့ တပ်မတော် လက်တွဲဖို့လိုပါတယ်။ နိုင်ငံ တစ်နိုင်ငံမှာ နိုင်ငံရေးသမားများရှိမှသာလျှင် နိုင်ငံရေးဘက်က ပီပီပြင်ပြင်လုပ်နိုင်မှာပါ။ ဒါကြောင့် နိုင်ငံရဲ့အစိုးရကို ပီပီပြင်ပြင်ဖြစ် အောင်လုပ်မယ့် နိုင်ငံရေးသမားနဲ့ နိုင်ငံရဲ့ လုံခြုံရေးတာဝန်ယူတဲ့ တပ်မတော်ကြားထဲမှာ နားလည်မှု အများကြီးရှိဖို့လိုပါတယ်။ ဒီလို နားလည်မှုရှိဖို့ ကျွန်မတို့ အစဉ်တစိုက် ကြိုးစား နေပါတယ်"** ဟုကြေငြာချက်တွင်ဖော်ပြခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဒီချုပ်ဌာနချုပ်ရုံးတွင် ပြုလုပ်သည့် (၇၃)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားအပြီး၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏လုပ်ငန်းဆောင်ရွက်ချက်များကို နှောင့်ယှက်ဖျက်ဆီးလိုသည့် အင်အားစု များအား ယာယီဟန့်တားနိုင်ရန် ရည်ရွယ်၍ လက်ရှိဝေဖန်မှုများရှိနေသော ငြိမ်းစုစီ ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန် စီစဉ်ခြင်းဖြစ်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏လုပ်ငန်းဆောင်ရွက်ချက်များကို နှောင့်ယှက်ဖျက်ဆီးလိုသည့်အင်အားစုများအား ယာယီဟန့်တားနိုင်ရန် ရည်ရွယ်၍ လက်ရှိဝေဖန်မှုများရှိနေသော ငြိမ်းစုစီ ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန် စီစဉ်ခြင်းဖြစ်ကြောင်းပြောခဲ့သည်။ (MyanmarTimes) (7Day)(MyanmarTimes) (DVB)

ကချင်လက်နက်ကိုင်အဖွဲ့(KIO/KIA)နှင့်တွေ့ဆုံ ဆွေးနွေးရန် ဆက်သွယ်ထားကြောင်း ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)မှ ပြောခဲ့သည်။ **"တပ်အနေနဲ့ မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ပေ့ါ။ သူတို့နဲ့ ချိတ်နေတယ်။ လောလောဆယ် သူတို့လည်း တွေ့ချင်တယ်လို့ ပြောပြီးမှ ခရီးစဉ်ချိတ်လို့ မရသေး ဘူးပေ့ါ။ မအားကြသေးတာပါ"** ဟု ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)မှ ပြောခဲ့သည်။ (7Day)

## တိုင်းရင်းသားပါတီများ

မတ်လ ၁၈ ရက်နေ့တွင် ကျောက်မဲမြို့နယ် ကောလီဟိုတယ်၌ သျှမ်းပြည်ညီညွတ်ရေးကော်မတီ CSSU ၏ အလှည့်ကျ ဥက္ကဋ္ဌသစ်အား ကြိုဆိုသောအားဖြင့် ကျားဖြူပါတီ ဦးဆောင်ကာ ညစာစားပွဲ ပြုလုပ်ခဲ့သည်။ (ShanNews)

မတ်လ ၂၄ ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) ပါတီသည် မြောက်ဦးမြို့နယ် ရုံးခန်းနှင့် စည်းရုံးရေး ကော်မတီမိတ်ဆက်ပွဲအား ပြုလုပ်ခဲ့ပြီး၊ ၂၅ ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့နယ် ရုံးခန်းဖွင့်ပွဲ ပြုလုပ်ခဲ့သည်။ ကျောက်တော်၊ တောင်ကုတ်၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ ပေါက်တောတို့တွင် မြို့နယ် စည်းရုံးရေး ကော်မတီများ ဖွဲ့စည်းထားပြီး မတ်လ ၂၇ ရက်နေ့တွင် မင်းပြားမြို့နယ် ဆက်လက်၍ ဖွင့်လှစ်မည် ဖြစ်သည်။ (7day)

မွန်ကိုယ်စားပြုပါတီတွင် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ AMDP နှင့် မွန်အမျိုးသားပါတီ MNP ပါတီတို့ ပါဝင်လာရေး ဆက်လက်ကြိုးပမ်းသွားမည်ဟု မွန်ကိုယ်စားပြုပါတီ အကောင်အထည်ဖော်ရေး၂၁ ဦးအဖွဲ့ ဥက္ကဋ္ဌ နိုင်ကောင်းရွတ်က ပြောခဲ့သည်။ (MonNews)

## ထူးခြားဖြစ်စဉ်

မတ်လ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေနှင့် တရားစွဲဆိုခံထားရသည့် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင် (ကိုဝလုံး) နှင့်ကိုကျော်စိုးဦးတို့ ၂ဦးအားရုံးထုတ်စစ်ဆေးခဲ့သည်။ (TheLadies)

မတ်လ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်သော Australia ASEAN အထူးထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ရန် သြစတေးလျ နိုင်ငံသို့ ရောက်ရှိနေသည့် ဒေါ်အောင်ဆန်းစုကြည်အား လူသားချင်းစာနာမှုဆိုင်ရာ ကျူးလွန်မှု ပြစ်မှုများဖြင့် တရားစွဲရန် သြစတြေးလျ ဖယ်ဒရယ်တရားသူကြီးဟောင်းတစ်ဦးအပါအဝင် ရှေ့နေငါးဦးပါ အဖွဲ့တစ်ခုက မယ်လ်ဘုန်းမြို့ တရားရုံးတစ်ခုသို့ ဦးတိုက်လျှောက်ထားခဲ့ပြီး ၎င်းတို့၏ ကြိုးပမ်းချက်ကို ရှေ့နေချုပ်က ပယ်ချသွားခဲ့သည်။ (Mizzima) (VOA) (MOI) (SCoffice) (7day)

၄၄ နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားအား မော်လမြိုင်မြို့ သံလွင်ဥယျာဉ်အတွင်း၌ မတ်လ ၁၈ ရက်နေ့မှ ၂၃ ရက်နေ့အထိ ခြောက်ရက်ကြာ ပြုလုပ်ခဲ့သည်။ (7day)

မတ်လ ၂၁ ရက်နေ့တွင် ရန်ကုန်တိုင်း အင်းစိန်းမြောက်ပိုင်းခရိုင်တရားရုံး၌ ရိုက်တာသတင်းထောက်နှစ်ဦးကိုဆယ်ကြိမ်မြောက် ရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးထုတ်တွင် ရိုက်တာသတင်းထောက်နှစ်ဦး ရေးသားသည့် သတင်းဆောင်းပါးကို သက်သေအဖြစ် နောက်တကြိမ် ထပ်မံ တင်သွင်းရာတွင် တရားရုံးမှပယ်ချခဲ့သည်ဟု သတင်းထောက်၂ဦး၏ ရှေ့နေဖြစ်သူ ကိုသန်းဇော်အောင်မှပြောခဲ့သည်။ **"ရိုက်တာနဲ့ ထုတ်တဲ့ သတင်းနဲ့ ပတ်သတ်ပြီးတင်မယ်ဆိုလို့ ရှိရင် နောက်လာမယ့် ကျွမ်းကျင်သူအရာရှိနဲ့ ပဲ တင်ဖို့ အတွက်ပြောတယ်။ ဒီအီလက်ထရောနစ်ကလည်း ကျွမ်းကျင်သူကသာ တိုက်စစ်ပြီး မှတ်တမ်းတင်လက်ခံနိုင်မယ်လို့ ပြောတယ်။ သက်သေခံသွင်း တဲ့နေရာမှာသက် သေခံ ဥပဒေမှာတော့ ပြဿနာချက်တစ်ချို့ တော့ရှိတာပေါ့ "**ဟု ပြောခဲ့သည်။ (PopularNew)

မတ်လ၂၃ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးဝင်းမြင့်အား ဒုသမ္မတအဖြစ် ပြည်သူ့လွှတ်တော်အစည်းအဝေးမှ ရွေးချယ်တင်မြှောက်ခဲ့သည်။ (ChinWorld)

မတ် ၂၃ ရက်နေ့ ညနေပိုင်းတွင် ကရင်ပြည်နယ်၊ မြဝတီမြို့ရှိ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် (BGF) ကင်းစခန်းများကို မြန်မာ့ တပ်မတော်မှ ရုတ်တရက် ဝင်ရောက် စစ်ဆေးခြင်း ပြုလုပ်ခဲ့ရာမှ တင်းမာမှုများရှိခဲ့သည်။ BGF မှ ခေါင်းဆောင်များ အစည်းအဝေး ပြုလုပ်နေချိန်တွင် ကင်းစခန်းများကို တပ်မတော်က ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်သွားခဲ့ခြင်း ဖြစ်ကြောင်း ပြောခဲ့သည်။ (Irrawaddy)

မတ်လ ၂၆ ရက်နေ့တွင် "စစ်တွေမြို့သုံးနေရာတွင် မိုင်းပေါက်ကွဲမှုနှင့် ပတ်သတ်၍ ဖမ်းဆီးစစ်ဆေးနေသူ ၉ ဦးအနက် ရခိုင်အမျိုးသားကောင်စီ (ANC) ဗဟိုကော်မတီဝင် ကိုနိုင်စိုး အပါအဝင် မြို့ခံလေးဦးအား ရဲတပ်ဖွဲ့မှ ထပ်မံ၍ ချုပ်ရမန်တောင်းခံခြင်းအား တရားရုံးမှ ပယ်ချခဲ့သဖြင့် အာမခံနှင့် လွှတ်ပေးခဲ့ရသည်။ (7day)

မတ်လ ၂၈ ရက်နေ့တွင် နံနက် ၁၀ နာရီမှ စတင်၍ ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအား ပြုလုပ်ခဲ့ပြီး၊ ဦးဝင်းမြင့်သည် မဲ အရေအတွက် ၄၀၃ မဲ ရရှိခဲ့ပြီး ၁၀ ယောက်မြောက်နိုင်ငံတော် သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ (MOI)

မတ်လ ၂၇ ရက်စွဲဖြင့် ကရင်ပြည်နယ် ဖာပွန်ခရိုင်လူသောမြို့နယ်၊ လယ်မူပလောနှင့် ခေးပူကျေးရွာ အုပ်စုကျေးရွာပေါင်း ၁၆ ရွာမှ ထွက်ပြေးတိမ်းရှောင်နေသည့် ကရင်လူထုကျေးရွာ လူထုခေါင်းဆောင်များလက်မှတ်ရေးထိုး၍မှ နိုင်ငံတော်၏အတိုင် ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ **'ကျွန်ုပ်တို့၏ ငိုသံနှင့် နာကျင်မှုများကို စာနာနားလည်ပေးရန်'** ဆိုပြီး အသနားခံစာ ပေးပို့ ပန်ကြားခဲ့သည်။ (DVB)

## နိုင်ငံတကာဆက်ဆံရေး

မတ်လ ၁၄ ရက်နေ့တွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ဧည့်ခန်းမဆောင်၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ပြီးဆုံး၍ ပြန်လည် ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi HIG UCHI တို့တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသ ဖြစ်စဉ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရ နှင့် တပ်မတော်၏ ဖြေရှင်း ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ (TheLadies) (MOI)

မတ်လ ၂၃ ရက်နေ့ နေ့လည်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဂျပန်နိုင်ငံလွှတ်တော် ရေးရာ နိုင်ငံခြားရေး ဒုတိယဝန်ကြီး H.E. Mr. Iwao HORII တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံဆွေးနွေးရာတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင် -မောင်တောဒေသ အတွင်းမှ ဘင်္ဂလား ဒေ့ရှ် နိုင်ငံဘက်သို့ ထွက်ခွာသွားသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး ဆောင်ရွက်နေမှုနှင့် မြန်မာ-ဘင်္ဂလား ဒေ့ရှ် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများ၊ ဂျပန်နိုင်ငံမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနေမှု၊ ဖြစ်ပွားခဲ့ သည့် ဖြစ်စဉ်မှန်များအား နိုင်ငံတကာမှ သိရှိအောင် ဆောင်ရွက်ရေးကိစ္စများနှင့် ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ (TheLadies) (Military) (MOI)

မတ်လ ၂၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းတွင် ပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုတွေ ပါဝင်ရန်အတွက် မြန်မာရေတပ်သင်္ဘောနှစ်စီး အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့သည်။ လေ့ကျင့်မှုကို နှစ်နိုင်ငံ ရေတပ်များအကြား ပင်လယ်ပြင်နှင့် ဆိပ်ကမ်းနှစ်ခုလုံးတွင် လုပ်ငန်းဆိုင်ရာ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှု တိုးတက် မြင့်မားလာစေရေးအတွက် ရည်ရွယ်သည်ဟုIndia Today သတင်းစာတွင် ဖော်ပြခဲ့သည်။ (FrontierMyanmar) (Irrawaddy)